## ရမခ တိုင်းအခြေစိုက် လားရှိုးမြို့တွင် တပ်မိသားစုများပန်ကြားလွှာနှင့်လျှို့ဆော်စာကပ်

ဇန်နဝါရီလ ၂၅ ရက်နေ့ ၂၀၁၀ ခုနှစ်။

ဇန်နဝါရီလ ၂၄ ရက်နေ့ည ၁၁ နာရီခန့်နှင့် ၂၅ ရက်နေ့နံနက်အစောပိုင်းခန့်၌ အရှေ့မြောက်စစ်တိုင်းဌာနချုပ် အခြေစိုက် ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့တွင် တပ်မိသားစုဟု ယူဆရသော သူများ တပ်မတော်သို့ပန်ကြားလွှာနှင့် စည်းရုံး လှုံ့ဆော်စာများ ဖြန့်ဝေခဲ့ကြကြောင်း ဒေသခံတပ်မိသားစုများ ပြောပြချက် အရသိရှိရပါသည်။

“ရမခ တိုင်းဌာနချုပ်ဝန်းကျင်နဲ့ တိုင်းရုံးမိန်းလမ်း တွေမှာ တပ်မတော်ပန်ကြားလွှာတွေ ဖြန့်ထားတာတွေ့ရတယ်။ ရုံးနံရံနဲ့ သစ်ပင်တွေမှာ လက်ရေးနဲ့ရေးထားတဲ့ စာတွေကပ်ထားတယ်၊ “တပ်နဲ့ပြည်သူ ဘဝတူ၊ အတူလက်တွဲ ဒို့အောင်ပွဲ” “စားဝတ်နေမှု ဖူလုံရေး၊ ချက်ခြင်းဖြေရှင်းပေး” “တွေ့ဆုံဆွေးနွေးအဖြေရှာရေး၊ လက်တွေ့ဦးစားပေး” ဆိုတဲ့စာတွေ ကပ်တာ မြင်ရတယ်” ဟု ထို ဒေသခံတပ်မိသားစုဝင်တဦးက ပြောပြပါသည်။




တိုင်းဌာနချုပ်အပါအဝင် တပ်မိသားစုများ နေထိုင် ကျက်စားရာ ဘူတာဈေး၊ တိုင်းလမ်းတလျှောက်၊ ဗျူဟာလမ်းနှင့် အခြား နေရာအတော်များများတွင် ထိုလှုပ်ရှားမှုများကို တွေ့မြင်ကြကြောင်းနှင့် တပ်မိသားစုများမှာလည်း ထိုလှုပ်ရှားမှုကို အလွန် စိတ်ဝင်စားလျှက်ရှိကြပြီး ပန်ကြားလွှာများ လက်ဆင့် ကမ်း ဝေငှဖတ်ရှုနေကြကြောင်း ထို ဒေသခံ တပ်မိသားစုဝင် တဦးက ပြောပြပါသည်။

ထိုလှုပ်ရှားမှုပတ်ဝန်းကျင်တွင် နေထိုင်ကြသော လားရှိုးဒေသခံပြည်သူလူထုများမှာလည်း ထို လှုပ်ရှားမှုကိုမြင်တွေ့ကြပြီး တပ်တွင်း မငြိမ်မသက်မှု အပေါ် စိုးရိမ်မှုများစွာနှင့်အတူ စိတ်ဝင်စား လျှက်ရှိကြသည်။

တပ်တွင်းစားနပ်ရိက္ခာဖူလုံမှုမရှိသောကြောင့် မကျေနပ်မှုများပေါ်ပေါက်လာပြီး အောက်ခြေ တပ်သားများတင်ပြချက်ကို အရေးယူ ဆောင်ရွက်ပေးခြင်း မရှိသည့်အတွက် တခါမျှမဖြစ်ပေါ်ဖူးသော ထိုကဲ့သို့ လှုပ်ရှားမှုများဖြစ်ပေါ်လာရခြင်း ဖြစ်သည် ဟု လားရှိုးဒေသခံ ကုန်သည်တဦးက ပြောပြပါသည်။

ထိုလှုပ်ရှားမှုကို သိရှိပြီးနောက်ပိုင်း စာရွက်စာတမ်းများလိုက်လံသိမ်းဆည်းခြင်းနှင့် လုံခြုံရေးအထူးစီမံကြပ်မတ်ထားကြောင်း ဒေသခံများက ပြောကြားခဲ့ပါသည်။

**သတင်းနှင့်ပြန်ကြားရေးဌာန**

**တအာင်းကျောင်းသားနှင့် လူငယ်များအစည်းအရုံး**

**ဆက်သွယ်ရန်။ ၀၈၀ ၁၁၈ ၄၄၇၉**